# အို၊ သာမန် ဘဝလေးတစ်ခုပါလား

**ဘဝသည် ပြိုင်ပွဲတစ်ခု မဟုတ်ပါ။ သို့သော် ခြေလှမ်းတစ်လှမ်း စီတိုင်းအား သဘောကျနှစ်ခြိုက်စွာ လှမ်းရမည့် ခရီးဖြစ်သည်။**

အမေရိကန် စီးပွားရေးသမားတစ်ဦးသည် မက္ကဆီကို ကမ်းရိုးတန်းကျေးရွာငယ်လေးရှိ ဆိပ်ခံတံတားတွင် ရှိနေစဉ် တံငါသည်တစ်ဦး၏ သင်္ဘောငယ်တစ်စီး ဆိုက်ကပ်ရောက်ရှိခဲ့ပါသည်။ သင်္ဘောအတွင်းတွင် အဝါရောင် ဆူးတောင်ရှိသော တူနာ (ငါးမည်းလုံး) ငါးများစွာ ရှိပါသည်။ အမေရိကန်က ငါးများ၏ အရည်အသွေးအတွက် မက္ကဆီကန်အား ချီးမွမ်းလိုက်ပြီးနောက် ထိုငါးများကို ဖမ်းမိရန် အချိန်မည်မျှ ယူခဲ့ရကြောင်းကို မေးခဲ့ရာ မက္ကဆီကန်က အချိန်အနည်းငယ်သာယူခဲ့ရကြောင်း ပြန်ဖြေခဲ့ပါသည်။

အမေရိကန်က အဘယ်ကြောင့် အချိန်ကြာကြာနေပြီး ငါးများများရအောင် မရှာသနည်းဟု မေးလိုက်ပါသည်။ တံငါသည်က သူ၏ မိသားစု လတ်တလော လိုအပ်ချက်ကို ထောက်ပံ့ပေးရန် သူ၌ လုံလောက်စွာ ရှိပြီးဖြစ်ကြောင်း ပြန်ဖြေလိုက်ပါသည်။ ထို့နောက် အမေရိကန်က “ဒါပေမယ့် ကျန်တဲ့အချိန်တွေမှာ ခင်ဗျားဘာလုပ်သလဲ” ဟု မေးရာ တံငါသည်က “ကျွန်တော် နောက်ကျမှအိပ်တယ်။ ငါးနည်းနည်းမျှားတယ်။ ကလေးတွေနဲ့ကစားတယ်။ ကျွန်တော့်မိန်းမ မာရီယာနဲ့ နေ့လယ်၊ နေ့ခင်း တမှေးလောက် အိပ်ပါတယ်။ ပြီးတဲ့နောက် ကျွန်တော်ဟာ ညနေတိုင်း ရွာထဲကို အေးအေးလူလူလမ်းလျှောက်ပြီး ကျွန်တော့်အပေါင်းအသင်းတွေနဲ့ ဂစ်တာတီးပြီး ဝိုင်အရက် နည်းနည်းသောက်တဲ့နေရာကို သွားပါတယ်။ ကျွန်တော့်မှာ လုပ်စရာအပြည့်နဲ့ အလုပ်များတဲ့ဘဝ ရှိပါတယ်ဆရာ”ဟု ပြန်ပြောပါသည်။

အမေရိကန်က “ကျွန်တော်ဟာ ဟားဗတ်တက္ကသိုလ်က အမ်ဘီအေ ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ခင်ဗျားကို ကူညီနိုင်ပါတယ်။ ခင်ဗျားဟာ ငါးမျှားဖို့ အချိန်ကို များများ ပိုသုံးသင့်တယ်။ ရတဲ့အမြတ်နဲ့ ပိုကြီးတဲ့လှေကိုဝယ်ပါ။ ဒီလှေကြီးကနေရတဲ့ အမြတ်အစွန်းနဲ့ ခင်ဗျားဟာ လှေအများကြီး ဝယ်နိုင်လိမ့်မယ်။ နောက်ဆုံးတော့ ခင်ဗျားမှာ ငါးဖမ်းသင်္ဘောအစုလိုက် ရရှိလိမ့်မယ်။ ခင်ဗျားဖမ်းလို့ရတဲ့ငါးတွေကို တဆင့်ခံရောင်းမယ့်အစား လုပ်ငန်းလုပ်တဲ့လူတွေကိုရောင်းပေါ့။ နောက်ဆုံးတော့ ခင်ဗျားဟာ စည်သွတ်ဗူးစက်ရုံတစ်ခုကို ဖွင့်နိုင်လိမ့်မယ်။ ခင်ဗျားဟာ ကုန်ထုတ်ဆောင်ရွက်နည်းစနစ်နှင့် ဖြန့်ချီရေးတွေကို ကွပ်ကဲလာနိုင်လိမ့်မယ်။ ခင်ဗျားဟာ မက္ကဆီကို ကမ်းရိုးတန်းက တံငါရွာကလေးကနေ ထွက်သွားပြီး မက္ကဆီကိုစီးတီး၊ ပြီးတော့ လော့(စ)အိန်ဂျယ်လိ(စ)တို့ဆီ ပြောင်းရွှေ့ပြီး နောက်ဆုံးမှာ ခင်ဗျားရဲ့ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်မဲ့နေရာဖြစ်တဲ့ နယူးယောက်မြို့ကြီးကို ရောက်လိမ့်မယ်”ဟု ပြက်ရယ်ပြုခဲ့သည်။

တံငါသည်က “ဒါပေမယ့် ဆရာ၊ ဒီလိုဖြစ်ဖို့ အချိန်ဘယ်လောက်ကြာမလဲ”ဟု မေးရာ

“(၁၅)နှစ် ဒါမှမဟုတ် အနှစ် (၂၀)ကြာမယ်” အဲ့ဒီနောက် ဘာဖြစ်မလဲဆရာ”ဟု မေးရာ အမေရိကန်က ရယ်မော၍ ပြောသည်မှာ “ဒီအပိုင်းဟာ အကောင်းဆုံးအပိုင်းပဲ၊ အချိန်ကျရောက်လာတဲ့အခါ ခင်ဗျားဟာ ကုမ္ပဏီစတော့ရှယ်ယာတွေကို အများပြည်သူကို ထုတ်ရောင်းလာနိုင်ပြီး ခင်ဗျားဟာ ချမ်းသာလာလိမ့်မယ်။ ခင်ဗျားဟာ သန်းနဲ့ချီပြီး ပိုက်ဆံရလိမ့်မယ်။

“သန်းနဲ့ချီပြီးတော့၊ ဆရာ . . . ပြီးတော့ ဘာဖြစ်မလဲ?”

အမေရိကန်က “ပြီးတဲ့နောက် ခင်ဗျားဟာ အငြိမ်းစားယူပြီးနောက် ခင်ဗျားနောက်ကျအိပ်လို့ရတဲ့ ကမ်းရိုးတန်းက တံငါရွာကလေးဆီကိုရွှေ့ပြီး ငါးနည်းနည်းမျှား၊ ခင်ဗျားမြေးတွေနဲ့ကစား၊ ခင်ဗျားဇနီးမာရီယာနဲ့ နေ့လယ်တမှေးလောက်အိပ်ပြီး ညနေပိုင်းတွေမှာ ရွာထဲကို အေးအေးလူလူလမ်းလျှောက်ပြီး ခင်ဗျားအပေါင်းအဖော်တွေနဲ့ ဂစ်တာတီးပြီး ဝိုင်သောက်လို့ ရတဲ့နေရာကိုသွားပေါ့”ဟု ပြန်ပြောခဲ့ပါတော့သည်။



ဘဝကို တက်သုတ်နှင်၍ မသွားပါနှင့်။ သင်ရောက်ခဲ့သောနေရာကိုသာမက သင်သွားမည့်နေရာကိုပါ မေ့နေပေလိမ့်မည်။

ဘဝတွင် ကျွန်ုပ်တို့၏ အဓိက ရည်ရွယ်ချက်မှာ မာတင်လူသာပြောသကဲ့သို့ “ဘုရားသခင်အား ချစ်ရန်နှင့် သူ၌ ထာဝရမွေ့လျော်ဖို့ရန်”ဖြစ်ပြီး ကျွန်ုပ်မှ ဖြည့်စွက်လိုက်သည်မှာ ဘုရားသခင်၏ မေတ္တာနှင့် သူပေးသည့် ပျော်ရွှင်သော ဘဝအကြောင်းကို ပြောခြင်းဖြင့် အခြားသူများအား သူတို့၏ ဘဝအသက်တာကို ပျော်ရွှင်စွာ နေနိုင်ဖို့ ကူညီရန်ဟူ၍ ဖြစ်ပါသည်။

**David Brandt Berg**